မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူမြို့ရှိ တိုပါရိုအိမ်ရာဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂

စင်ကာပူ သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အဖွဲ့သည် စင်ကာပူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Khaw Boon Wan လိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူမြို့ တိုပါရိုအိမ်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၂ ကော်လံ ၁ ●

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်အား စင်ကာပူမြို့ Housing Development Board ရုံးချုပ် Briefing Room၌ Chief Executive, Dr. Cheong Koon Hean ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် ကြိုးစားကြရမည် တာဝန်ကျရာ နိုင်ငံများနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတည်ဆောက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ နေအိမ်သို့ရောက်ရှိကြရာ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား သံအမတ်ကြီး ဦးတင်ဦးလွင်က စင်ကာပူနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ စင်ကာပူလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဇနီးနှင့် သံရုံးဝန်ထမ်း၊ မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Housing Development Board ရုံးချုပ်သို့ရောက်ရှိလာရာ Chief Executive, Dr. Cheong Koon Hean နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး Briefing Room ၌ စင်ကာပူနိုင်ငံရှိ ဝင်ငွေနည်းမိသားစုများအတွက် သင့်တော်သော နေအိမ်အဆောက်အအုံ ဆောက်လုပ်စီစဉ်ပေးနေမှု၊ နိုင်ငံပိုင်မြေပေါ်တွင် ဆောက်လုပ်ပြီး တစ်ဦးချင်း စုငွေဖြင့် အခန်းဝယ်ယူသူများက သားစဉ်မြေးဆက် အခန်းပိုင်ဆိုင်မှု၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်သည် အလုပ်အကိုင်ရရှိရေးနှင့် နေထိုင်ရေးပင်ဖြစ်သည့်အတွက် Housing Development Board က ဖြည့်ဆည်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Housing Development Board ရုံးချုပ်ရှုရပ်မှနေ၍ ကုမ္ပဏီမှ ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တိုပါရိုအိမ်ရာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အထပ် (၄၀) မြင့်ပြီး အခန်း ၁၆၀ ပါရှိသော အဆောက်အအုံတစ်လုံးသို့ သွားရောက်ကာ အခန်းများဖွဲ့စည်းထားရှိမှု၊ ရေ၊ မီးစနစ်များနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူမြို့ တိုပါရိုအိမ်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အထပ် (၄၀) မြင့် အဆောက်အအုံ၌ ကြည့်ရှုလေ့လာပြီး အိမ်ရှင်မိသားစုအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူမြို့ တိုပါရိုအိမ်ရာ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ အထပ် (၄၀) မြင့်ပြီး အခန်း ၁၆၀ ပါရှိသော အဆောက်အအုံ တစ်လုံး၌ ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ရှုမြင်ခံစား ရုပ်မြင်သံကြားအစီအစဉ်များ

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၁၀ ၁။ တရားတော်
၈း၀၀ ၂။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ ၃။ ဇာတ်လမ်းတို

ညပိုင်း

၄း၄၅ ၁။ အိုင်စီတီ သုတ
၄း၅၅ ၂။ မီးသတိပေးနှိုးဆော်ချက်
၅း၁၀ ၃။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၄။ **လည်မယ်…စားမယ် ကမ္ဘာတစ်ခွင်ဝယ်**
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀ ၆။ **ရွှာ** ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၃၄)
အတိတ်လွှန် (ပထမပိုင်း) သူရဇ္ဇဝင်းသပြေထွန်း၊ နိုင်ဝင်းနှင့် သရုပ်ဆောင်များ
၆း၄၅ ၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချစ်သူဆီ** (အပိုင်း-၄၈)
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၁၀။ နိုင်ငံတကာသတင်း
၁၁။ မိုးလေဝသသတင်း
၁၂။ လျှပ်တစ်ပြက်
၁၃။ သံစဉ်များနှင့်ကမ္ဘာ
၁၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ကြီး….ချစ်** (အပိုင်း-၁)

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၈း၂၅ ၃။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၄။ International News
၈း၄၅ ၅။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၁၀ ၁။ တေးဂီတအစီအစဉ်
၄း၄၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား
သင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၅ ၃။ မြန်မာစာ၊ မြန်မာစကား
၅း၃၀ ၄။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၅။ ညနေခင်းသတင်း
၆း၁၅ ၆။ မိုးလေဝသအခြေအနေ
၆း၅၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၉)
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ လျှပ်တစ်ပြက်ဟာသများ
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသချေ** (အပိုင်း-၃)

ထူးခြားသည့် ညအပူချိန်များ ၂-၂-၂၀၁၂		
	လားရှိုးမြို့ ၃ ဒီဂရီစင်တီဂရိတ်	ပင်လောင်းမြို့ ၃ဒီဂရီစင်တီဂရိတ်
	နမ့်စန်မြို့ ၃ဒီဂရီစင်တီဂရိတ်	ဟဲဟိုးမြို့ ၃ဒီဂရီစင်တီဂရိတ်

ပညာရွှေအိုး လူမခိုး

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်)

ကိုယ်အမူအရာ…၊ နှုတ်အမူအရာ…၊ နှလုံးအမူအရာ…

လူတို့အနေဖြင့် တစ်ဦးနှင့်တစ်ဦး နေထိုင်ပြောဆိုဆက်ဆံကြရာတွင် လောကဝတ်နှင့်အညီ ပြုမူဆက်ဆံတတ်ကြရန် အရေးကြီးလှပေသည်။ လူကြီးသူမများက လူငယ်လူရွယ်တို့အား လိမ္မာယဉ်ကျေးစေရန် ကိုယ်နှုတ်နှလုံး သုံးပါးစလုံးကို စောင့်ထိန်းကြရမည်ဟု မကြာခဏ ဆိုဆုံးမလေ့ ရှိကြသည်။

တိုးတက်ပြောင်းလဲနေသော ယနေ့ခေတ်ကြီး၌ ဇဟိဒ္ဓအပြင်ပိုင်း ရုပ်ဝတ္ထုပိုင်းတိုးတက်သည်ကားမှန်ပါ၏။ သို့သော် အဇ္ဈတ္တအတွင်းသဏ္ဌာန်မှာမူ တိုးတက်မှုနည်းပါးနေသည်ကို တွေ့ရ၏။ အထူးသဖြင့် မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်၊ ကြီးသူနှင့်ငယ်သူတို့အကြား ထားရှိဆက်ဆံရမည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ နှလုံးအမူအရာတို့မှာ လွန်စွာအားနည်းနေသေးသည်။

အချို့သောသူများမှာ မိဘနှင့်ပြောဆိုဆက်ဆံသည့်အခါ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်ကြ၏။ ခြေဆုပ်လက်နယ်ပြုမူတတ်ကြ၏။ အတုယူဖွယ်ကောင်း၏။ ဆရာနှင့်တပည့် ပြောဆိုဆက်ဆံရာတွင်လည်း ယဉ်ကျေးသိမ်မွေ့ကြပါဘိ။ "မင်္ဂလာပါဆရာ၊ မင်္ဂလာပါဆရာမ"စသည်ဖြင့် လက်အုပ်ချီလျက် ပဋိသန္ထာရစကားများ ပြောဆိုတတ်ကြသည်။ ရဟန်းသံဃာ၊ လူကြီးသူမများ လာမည့်လမ်းတွင် ဘေးဖယ်ပေးခြင်း၊ နေရာထိုင်ခင်းပြုလုပ်ပေးခြင်း စသော ကိုယ်အမူအရာကောင်းများ၊ အကျင့်ကောင်းအမူအရာများကို မကြာခဏတွေ့ဖူးသည်။ "မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကိုချုပ်ပါလေ" ဟူသော ဆုံးမစာလေးသည် လူငယ်လူရွယ်များအတွက် တစ်ဦးနှင့်တစ်ဦး ကိုယ်အမူအရာယဉ်ကျေးသိမ်မွေ့စေရန် ဆိုဆုံးမထားခြင်းပင်ဖြစ်၏။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသဖြစ်ခြင်း၊ ပြုံးစူစောင်းမြောင်းခြင်း၊ ရိုင်းပျစွာပြုမူဆက်ဆံခြင်း စသည်တို့မှာ အရုပ်ဆိုးအကျည်းတန်စေသည့် ကိုယ်အမူအရာများပေတည်း။

တစ်ဖန် လူငယ်တို့အနေဖြင့် ယဉ်ကျေးစွာပြောဆိုတတ်သည့် နှုတ်အမူအရာကောင်းရန်လည်း လိုအပ်၏။ ဖေဖေ၊ မေမေ၊ ကိုကို၊ မမ၊ ကြီးကြီး၊ ဒေါ်ဒေါ်၊ ဦးကြီး၊ ဦးလေး စသည့်ဖြင့် ခေါ်ပြောဆက်ဆံမှုမှာ ယဉ်ကျေးသိမ်မွေ့သလို နားဝင်လည်းချိုလှပေ၏။ ထို့ကြောင့်ပင် ကဝိအကျော် ရှင်မဟာရဋ္ဌသာရက "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ"ဟူ၍ ဆိုထားခြင်းဖြစ်၏။ သို့ဖြစ်၍ တစ်ဦးနှင့်တစ်ဦး ညစ်ညမ်းစွာပြောဆိုခြင်း၊ နားမခံသာအောင်ပြောဆိုခြင်းတို့မှာ နှုတ်အမူအရာကောင်းခြင်း၏ ဆန့်ကျင်ဘက်သဘောပင်ဖြစ်၏။

လူငယ်လူရွယ်တို့အနေဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးရမည်ဖြစ်သလို နှလုံးအမူအရာကောင်းရန်လည်း အရေးကြီးပေသည်။ နှလုံးအမူအရာသည် စိတ်ဓာတ်ခွန်အားတစ်ရပ်ပင်ဖြစ်၏။ ငယ်သူကိုသနား၊ ရွယ်တူကို လေးစား၊ ကြီးသူကို ရိုသေဆိုသည့် စကားရပ်သည် နှလုံးအမူအရာအတွက် လက်ခံကျင့်သုံးအပ်သော စကားပင်ဖြစ်၏။ သည်းခံခြင်း၊ မေတ္တာထားခြင်း စသည်တို့ကို နှလုံးအားကောင်းခြင်း၊ စိတ်ခွန်အားကောင်းခြင်းဟု ဆိုအပ်၏။

သို့ပါ၍ ယနေ့ခေတ် လူငယ်လူရွယ်တို့အနေဖြင့် တိုးတက်ပြောင်းလဲနေသော ခေတ်တစ်ခေတ်ဆီသို့ ဦးတည်ချီတက်ကြရာတွင် လောကကျင့်ဝတ်များဖြစ်သည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ နှလုံးအမူအရာ လောကကျင့်ဝတ်များကို ကောင်းမွန်စွာ စောင့်ထိန်းကြပြီး လောကကောင်းကျိုးအဖြာဖြာတို့ကို သယ်ပိုးနိုင်ကြပါစေဟု ဆုမွန်တောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏နေအိမ်၌ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား သံအမတ်ကြီးဦးဆောင်သော သံရုံးဝန်ထမ်းများနှင့် မိသားစုများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှု၊ အနောက်နိုင်ငံများအပါအဝင် နိုင်ငံတကာနှင့်ဆက်သွယ်၊ ဆက်ဆံမှုများ ပိုမိုကောင်းမွန်လာခြင်းကြောင့် တားဆီးပိတ်ပင်မှုများ လျော့နည်းလာမှုနှင့် ဖြေလျှော့ပေးမှု၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုမှသည် ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်တည်ဆောက်နေမှု၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ကမ်းလှမ်းဆောင်ရွက်လာမှု၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်နေမှုများကို ရှင်းလင်းပြောကြားပြီး ကိုယ့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သံရုံးဝန်ထမ်းများအနေဖြင့် မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ပြီး သံတမန်ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာသွားကြရန်ဖြစ်ကြောင်း၊ သံရုံးဝန်ထမ်းများသည် မိမိတို့တာဝန်ကျရာ နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာအောင်တည်ဆောက်ရင်း မိမိတို့နိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပူးပေါင်းပါဝင်လာရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က သံအမတ်ကြီးနှင့်ဇနီး၊ သံမှူးကြီးနှင့်ဇနီး၊ ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စင်ကာပူနိုင်ငံရှိ ပညာတော်သင်ကျောင်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူမြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ဇနီး Mrs. Jean Khaw က ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူမြို့ Under Water World ၌ ရေအောက်ကမ္ဘာ ငါးပြကွက်များကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်လင်းလင်းတင်နှင့် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ဇနီး ဒေါ်မေမြင့်မောင်တို့ တက်ရောက်ကြပြီး စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ ဇနီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး၏ဇနီး Ms. Hisayo Chua နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲတွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး၏ ဇနီးတို့သည် နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီးနှင့်အဖွဲ့ဝင်များသည် စင်ကာပူမြို့ Under Water World သို့ ရောက်ရှိကြပြီး ရေအောက်ကမ္ဘာ ငါးပြကွက်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် မတ် ၁ ရက်က တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သည့် Singapore Flyer ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

Singapore Flyer မှာ အမြင့် ၁၆၅ မီတာ (၅၄၁ ပေ) မြင့်သည်။ ရဟတ်၏အချင်းမှာ မီတာ ၁၅၀ (၄၉၂ပေ)ရှိသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဇနီးနှင့်အဖွဲ့ဝင်များသည် National Orchid Garden သို့ ရောက်ရှိကြပြီး သစ်ခွပန်းကို "Dendrobium U Thein Sein- Daw Khin Khin Win" အဖြစ် အမည်နာမပေးအပ်ပွဲသို့ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ၏ ဇနီးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

စိုက်ပျိုးပြသထား

ထို့နောက် National Orchid Garden အတွင်း လှည့်လည်ကြည့်ရှုကြသည်။ National Orchid Garden ၌ နိုင်ငံတကာရှိ သစ်ခွမျိုးစုံ ၁၀၀၀ ကျော်နှင့် သစ်ခွစပ်မျိုး ၂၀၀၀ကျော်တို့ကို စိုက်ပျိုးပြသထားကြောင်း သိရသည်။

National Orchid Garden ကို ၁၉၉၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး စင်ကာပူ ရုက္ခဗေဒဥယျာဉ်အတွင်းရှိ တောင်ကုန်းမြင့်ပေါ်၌ တည်ရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ရှန်ဂရီလာဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူမြို့ Singapore Flyer၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၂၀	MRTV-4 သတင်း
၅:၄၀	**မိဂဒါဝုန်က ဆွေးနွေးသံ** တရားတော် (ဆရာတော်ဦးသုကဝိ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၅၉)
၈:၅၀	The Shop Around The Corner (Part-14)
၉:၃၀	Movie Talk ရုပ်ရှင်ထူးချွန်ဆုသမိုင်း ဒါရိုက်တာကြည်စိုးထွန်း(အပိုင်း-၉)
၁၁:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ (အပိုင်း-၆)**
၂:၀၀	မြန်မာ့လက်ရွေးစင်(U-21)အသင်းနှင့် အူဆန်ယူနီဗာစီတီ(ကိုရီးယား) အသင်းခြေစမ်းပွဲစဉ်
၅:၀၀	အောင်မြင်စွာဆင်နွှဲမြန်မာနိုင်ငံ ဆရာဝန်အသင်းညီလာခံပွဲ
၆:၀၀	MRTV -4 သတင်း
၆:၁၅	၂၀၁၀ ခုနှစ် အကယ်ဒမီ ကြိုတင်ပြင်ဆင်မှုများ
၆:၁၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၇)
၇:၃၀	၂၀၁၀ ခုနှစ်အကယ်ဒမီဗန်းကိုင်များ
၇:၅၀	၂၀၁၀ ခုနှစ်အကယ်ဒမီ ကြိုတင်ပြင်ဆင်နေမှုများ
၈:၀၀	MRTV -4 သတင်း
၈:၃၀	Style ရှိမှ Star ဖြစ်မယ်
၉:၂၀	The Shop Around The Corner (Part-15)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၆၀)
၁၀:၂၀	အနုပညာမိုးကောင်းကင်
၁၀:၄၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၇)
၁၁:၁၅	Fashion Week (In Spire Dress & Dreamwear) (အပိုင်း-၁)
၁၁:၄၀	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာ စကားဝိုင်း
၁:၄၅	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး စင်ကာပူနိုင်ငံမှ ပြန်လည်ထွက်ခွာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E.Mr. Khaw Boon Wan နှင့် တာဝန်ရှိသူများက စင်ကာပူမြို့ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်သွားရောက်ခဲ့ပြီးနောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စင်ကာပူနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဖေဖော်ဝါရီ ၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် စင်ကာပူမြို့ရှိ ရှန်ဂရီလာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E.Mr. Khaw Boon Wan နှင့်ဇနီး၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E.Mr. Robert Chua နှင့် ဇနီး၊ စင်ကာပူနိုင်ငံ သံတမန်ရေးရာဦးစီးဌာနအကြီးအကဲ Mr. Lim Cheng Hoe နှင့် မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံမှ အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စင်ကာပူနိုင်ငံချစ်ကြည်ရေးခရီးသို့ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ စင်ကာပူသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့ စင်ကာပူနိုင်ငံ မြို့ပြအိမ်ရာပုံစံငယ်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ၎င်းတို့နှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် လှည့်လည်ကြည့်ရှုလေ့လာခြင်း၊ စင်ကာပူသမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့သည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံရှိ မြို့ပြပြန်လည်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (Urban Redevelopment Authority) သို့ ရောက်ရှိရာ အမှုဆောင်အရာရှိချုပ် Mr. Lim Neo Chian က မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အဆင့်ဆင့်နှင့် နိုင်ငံသူ နိုင်ငံသားများ နေထိုင်မှု အဆင့်အတန်းမြင့်မားအောင် အိမ်ရာများ ဘက်ပေါင်းစုံမှ ပြည့်စုံအောင် တည်ဆောက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများနှင့် မြို့ပြအိမ်ရာ ပုံစံငယ်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ရန်ကုန်မြို့တော်ဝန်တို့သည် Jurong Town ကောင်စီဌာနချုပ်သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ JTC Corporation ဒုတိယ အမှုဆောင်အရာရှိချုပ် Mr. David Tan က Jurong Town စက်မှုဇုန် တည်ဆောက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး Jurong မြို့နယ်အတွင်းရှိ စက်ရုံများအား လူနေအိမ်ရာများ အနှောင့်အယှက်မဖြစ်အောင် တည်ဆောက်ထားပုံ၊ လေထုညစ်ညမ်းမှု မရှိအောင် စွန့်ထုတ်ပစ္စည်းများအား ကာကွယ်ထိန်းသိမ်းထားပုံနှင့် အပန်းဖြေနေရာများ တည်ဆောက်ထားပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က မြန်မာနိုင်ငံတွင် မြို့ပြအိမ်ရာများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှုနှင့် ဟိုတယ်နှင့် အိမ်ရာများ တည်ဆောက်မှု စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ရှင်းလင်းပြောကြားပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် Jurong Town ကောင်စီဌာနချုပ် ၃၁ ထပ် ရှုရပ်မှနေ၍ စက်မှုဇုန် တည်ဆောက်ထားမှုများနှင့် စင်ကာပူမြို့ပြအိမ်ရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့နှင့် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ Mr.Tony Chew နှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး စင်ကာပူသမ္မတနိုင်ငံရှိ Institute of Technical Education College East ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ကမ္ဘာ့အကြီးဆုံး Transshipment Hub ဖြစ်သော PSA Port သို့ သွားရောက်၍ PSA Port မှ ဒေသဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ Mr. Kenny Ong နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး PSA Port အနေဖြင့် ပစ္စည်းများတင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းများနှင့် Terminal များ ခွဲခြားဆောင်ရွက်နေပုံများ၊ ဆိပ်ကမ်းများအတွင်း ပစ္စည်းထုတ်ယူသည့်အခါ စစ်ဆေးသည့် နည်းပညာများ၊ ကရိန်းများအား ထိန်းသိမ်းသည့် စနစ်များကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် စင်ကာပူနိုင်ငံ၏ ရေနံနှင့်ရေနံဓာတုပစ္စည်း အဓိကထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သော Petrochemical Corporation of Singapore (Private) Limited သို့ သွားရောက်ပြီး Managing Director Mr. Akira Yonemura နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီ၏ ဓာတ်ငွေ့အမျိုးအစားနှင့် အရည်အမျိုးအစားတို့ကို ထုတ်လုပ်နေပုံများ၊ ကုန်အမျိုးအစားများကို ပိုက်လိုင်း၊ ကွန်တိန်နာများဖြင့် ပို့ဆောင်နေပုံများကို ကြည့်ရှုလေ့လာခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဇန်နဝါရီ ၃၁ ရက်တွင် စင်ကာပူသမ္မတနိုင်ငံရှိ Institute of Technical Education College East၊ Tanjong Katong Secondary School နှင့် Nanyang Technological University တို့ကို သွားရောက်လေ့လာသည်။

ယင်းသို့ သွားရောက်လေ့လာရာတွင် စင်ကာပူနိုင်ငံ နည်းပညာကောလိပ်များ၊ အထက်တန်းကျောင်းများ၊ တက္ကသိုလ်များ၏ သင်ကြားမှုစနစ်များ၊ ရည်မှန်းချက်များ၊ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်မှုများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူသမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Heng Swee Keat နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့်မီပညာရေးစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ကြိုးပမ်းမြှင့်တင်ရေးတွင် စင်ကာပူနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စများ၊ ကောင်းမွန်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတွင် အရေးပါသည့် အခန်းကဏ္ဍဖြစ်သည့် ဆရာများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စင်ကာပူနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုနည်းစနစ်များ စသည်တို့ကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် Ministry of Trade and Industry ရုံး၌ စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E.Mr. Teo Ser Luck နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့တော်ဝန်သည် ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ရုံး Land Transport Authority (LTA) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ Corporate Planning & Research, Land Transport Authority မှ Group Director Mr. Lew Yii Der နှင့် အဖွဲ့နှင့်တွေ့ဆုံသည်။

ထို့အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု

စာမျက်နှာ ၅ ကော်လံ ၁ သို့

3-2 (04).pmd 1 2/3/2012, 4:09 AM

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက် ဆေးဝါးကုသမှု ခံယူလျက်ရှိသော မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံအား သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိလာရာ လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံအား ကြည့်ရှု၍ အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် နေပြည်တော်ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသော မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ် (ပုဂံ) ကျောင်းအုပ်ကြီး ဦးကျော်ဘုန်းနိုင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား ဘင်္ဂလားဒေ့ရှ်ရေတပ်ဦးစီးချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND), ndc, psc ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၂

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND), ndc, psc အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အတူ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ် သူရသက်ဆွေ၊ ဧညဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီးဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ်နှင့်အတူ Commodore Commanding Chittagong ဖြစ်သူ Commodore Nizamuddin Ahmed, (TAS), ndc, psc၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံစစ်သံမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ်သည် မော်တော်ယာဉ်ဖြင့် ဇေယျာသီရိဗိမာန်ရှေ့သို့ ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ် (ရေ)က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ်တို့သည် အလေးပြုခုံစင်မြင့်သို့သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကာ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ၎င်းနှင့်အတူ ဂုဏ်ပြုကြိုဆိုပွဲ တက်ရောက်ကြသူများအား မိတ်ဆက်ပေးပြီး ကာကွယ်ရေးဦးစီးချုပ် (ရေ)ကလည်း ဂုဏ်ပြုကြိုဆိုပွဲ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND), ndc, psc တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းတင်နှင့် အဖွဲ့ဝင် ဦးနော်အောင်တို့သည် ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီတွင် စင်ကာပူ စီးပွားရေး လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ Mr. Tony Chew နှင့်အဖွဲ့အား တွေ့ဆုံ၍ စင်ကာပူနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့လာရောက်၍ ရင်းနှီးမြှုပ်နှံရန် ကိစ္စရပ်များနှင့် ပတ်သက်ပြီး လေ့လာဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။

ဆက်လက်၍ စီးပွားရေးအငြင်းပွားမှုများ ဖြန်ဖြေနိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်ကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ နှစ်ဖက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

စင်ကာပူနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၂၀ ကျော်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်ပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ ရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေး

အလားတူ ဦးဝင်းအောင်နှင့်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် စင်ကာပူ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးပိုမိုပူးပေါင်း ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စင်ကာပူအခြေစိုက် အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်များမြန်မာနိုင်ငံသို့လာရောက်မည့်ခရီးနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးစိုးတင့် ပြည်သူ့ဆောက်လုပ်ရေးဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များကို စေတနာထား၍ ကြိုးစားဆောင်ရွက်ရန်၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များတွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီတိကျစွာ ဆောင်ရွက်ရန်၊ ဖွဲ့စည်းပုံ လစ်လပ်နေရာများတွင် သတ်မှတ်အရည် အချင်းများနှင့် ကိုက်ညီပြီး ရိုးသားကြိုးစား၍ တာဝန်ကျေပွန်စွာဆောင်ရွက်သည့် ဝန်ထမ်းများအား ရာထူးအဆင့်တိုးမြှင့်ခန့်ထားရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန်တို့အား မှာကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်းရှိ လမ်းတံတားများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintanaနှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် လွှတ်တော်အနေဖြင့် ပြည်သူတို့၏ အခွင့်အရေးများအတွက် ဆောင်ရွက်နေမှုအပေါ် အားရကျေနပ်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအား သိသာထင်ရှားစွာ တွေ့ရှိရပါကြောင်း အပြန်အလှန်ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပဏာမသဘောတူညီချက်လက်မှတ်ရေးထိုး

ပြည်နယ်အဆင့် ငြိမ်း ချမ်း ရေး ဆွေးနွေးရေးအဖွဲ့မှ ဗိုလ်မှူးကြီး ဌေးမြင့်အောင်နှင့် မွန် ပြည် သစ် ပါတီ (NMSP) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်တလညီတို့ ပဏာမ သဘောတူညီမှုစာချုပ်ကို အပြန် အလှန် လဲလှယ်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့သည် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးရန်အတွက် မော်လမြိုင်မြို့ Strand Hotel သို့ ဇန်နဝါရီ ၃၁ရက်တွင် ရောက်ရှိလာရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ပေးအပ်

ထို့နောက် ညပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့က မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့အား ထာဝရငြိမ်းချမ်းရေးအတွက် ညစာတည်ခင်းဧည့်ခံရာ ရှေးဦးစွာ မွန်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားရိုးရာအကများဖြင့် ဖြေဖျော်ကြပြီး နိုင်ငံတော်သမ္မတ၏ ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ်ပေးအပ်သော Sky Net အလုံး ၂၀ကို နိုင်ငံတော်သမ္မတကိုယ်စား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ထာဝရငြိမ်းချမ်းရေး လက်ဆောင်အဖြစ် Sky Net ၁၀ လုံးနှင့် ပန်းခြင်းကို မွန်ပြည်သစ်ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးနိုင်တလညီအား လည်းကောင်း ပေးအပ်သည်။

တက်ရောက်

ယင်းနောက် ဖေဖော်ဝါရီ ၁ ရက်တွင် Strand Hotel ၌ ပဏာမငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) (ပြည်သူ့စစ်)၊ မွန်ပြည်နယ်ဥပဒေချုပ် ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဗိုလ်မှူးကြီး ဌေးမြင့်အောင် ဦးစီးအဖွဲ့ဝင် ငါးဦးနှင့် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စ ဦးဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးတို့သည် အောက်ဖော်ပြပါ ပဏာမဆောင်ရွက်ရန် သဘောတူညီချက် (၅)ချက်ကို သဘောတူပြီး မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့က သက်ဆိုင်ရာ မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီသို့ ခွင့်ပြုချက်တောင်းခံ၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်တွင် အတည်ပြုလက်မှတ်ရေးထိုးမည် ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်-

(က) နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရန်ကိစ္စ။

(ခ) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ညှိနှိုင်းရန်ကိစ္စ။

(ဂ) ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ (လက်နက်မပါ) ထားရှိရန်ကိစ္စ။

(ဃ) သတ်မှတ်နေရာမှအပ အခြားဒေသသို့ လက်နက်ဖြင့် သွားလာခြင်း မပြုရန်ကိစ္စ။

(င) နှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရန်ကိစ္စ။

ထို့နောက် ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်တလညီတို့သည် ပဏာမ သဘောတူညီမှုစာချုပ်ကို အပြန်အလှန်လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား အာရှကနူးလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား အာရှကနူးလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.MaSanori Narita သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကနူး/ကယက်လှေပြိုင်ပွဲများနှင့်စပ်လျဉ်း၍ လိုအပ်သည့် နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်ရေးနှင့် ဒိုင်သင်တန်းများ ဖွင့်လှစ်ပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ JAGORAWI GOLF and COUNTRY CLUB မှMR. DAYA ZAKIR ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံပြီး နေပြည်တော်၌ လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲများသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတရားသူကြီးချုပ်အား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားသတ်မှတ်၍ တရားစီရင်မှုများ ဆောင်ရွက်နေသည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်နှင့် မြို့နယ်အဆင့် တရားသူကြီးများအနေဖြင့် ရရှိထားသည့် ရာထူးအဆင့်ဆင့်အလိုက် တရားစီရင်ရေး အာဏာ၊ သင်တန်း၊ သက်တမ်းအတွေ့အကြုံများဖြင့် ဥပဒေနှင့်အညီ လွတ်လပ်မျှတစွာ တရားစီရင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သွားရောက်၍ ကော်မရှင်ဥက္ကဋ္ဌ၏ရုံးခန်း၌တွေ့ဆုံရာ **(ယာပုံ)** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

Mr.Tomas Ojea Quintana က လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ တိုးတက်မှုများစွာ တွေ့မြင်နေရခြင်းအတွက် ဝမ်းမြောက်ကြောင်းပြောကြားပြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခုနှစ် ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် (၄၈) နေရာအတွက် (၁၉) ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ မူလရှိရင်းစွဲ ပါတီ (၁၁) ခုအပြင် အန်အယ်(လ်)ဒီ ပါတီ အပါအဝင် ပါတီသစ် (၈) ခုပါ ထပ်မံဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးမြင့်သိန်းအား Mr. Tomas Ojea Quintana နှင့် အဖွဲ့တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစားကဏ္ဍ ပြည်တွင်းအားကစားကဏ္ဍ

အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ကန်ကြီးထောင့်မြို့နယ်၌ ကျင်းပ

ကန်ကြီးထောင့် ဖေဖော်ဝါရီ ၂

၂၀၁၂ ခုနှစ် ကန်ကြီးထောင့်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား (တိုက်နယ်အဆင့်) အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ကန်ကြီးထောင့်မြို့နယ်အားကစားကွင်း၌ကျင်းပရာ ကန်ကြီးထောင့်တိုက်နယ်(က)အသင်းက ဘဲဂရက်တိုက်နယ်အသင်းကို ပယ်နယ်တီ ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သွားသည်။

ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ရာ ဒုတိယဆုရရှိသော ဘဲဂရက်တိုက်နယ်အသင်းအား တစ်ဦးချင်း ဆုနှင့် ငွေသားဆုငွေကျပ် တစ်သိန်းကို ကန်ကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်အုန်းကလည်းကောင်း၊ ပထမရရှိသော ကန်ကြီးထောင့်တိုက်နယ်(က) အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆု ငွေကျပ်နှစ်သိန်းကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်ကလည်းကောင်း၊ အကောင်းဆုံးဆုရရှိသော ကစားသမားများအား ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးစိုးညွန့်ကလည်းကောင်း၊ ပထမတံခွန်စိုက်ဆုဖလားရရှိသွားသော ကန်ကြီးထောင့်တိုက်နယ်(က)အသင်းအား မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲသို့ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ တိုက်နယ် ကိုးခုမှ အသင်းပေါင်း ၁၀ သင်းသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၃၀ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲဝင်များ တွေ့ဆုံပွဲနှင့် ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲကြမည့် ထိပ်သီးဂေါက်သီးရိုက် အားကစားသမားများတွေ့ဆုံပွဲနှင့် ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာပီဂျီအေ အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ထိပ်သီးဂေါက်သီးသမားများက ယခုပြိုင်ပွဲနှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်များကို ပြောကြားကြသည်။

ယင်းနောက် Tournament ဒါရိုက်တာ Mr.Jiltisek TAMPRA-SERK က အမှာစကားပြောကြားသည်။

ထို့နောက် ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စာနယ်ဇင်းများမှ တာဝန်ရှိသူများက မေးမြန်းကြသည်။

အဆိုပါပြိုင်ပွဲ၏ စုစုပေါင်းဆုကြေးငွေမှာ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ဖြစ်ပြီး ပထမရရှိသူအား အမေရိကန်ဒေါ်လာ ၄၇၅၅၀၊ ဒုတိယ အမေရိကန်ဒေါ်လာ ၃၂၅၅၀နှင့်တတိယ အမေရိကန်ဒေါ်လာ ၁၈၃၀၀ချီးမြှင့်မည်ဖြစ်ပြီး အဆင့် (၆၅) ရရှိသူအား အမေရိကန်ဒေါ်လာ ၈၁၀ ချီးမြှင့်မည်ဖြစ်ပြီး နိုင်ငံတကာမှ ဂေါက်သီးအကျော်အမော် ၁၄၄ ဦး၊ Myanmar Professional Golfers ၁၇ ဦးနှင့် မြန်မာ့လက်ရွေးစင် ဂေါက်သီးသမားလေးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ZAYKABAR MYANMAR OPEN 2012ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club တွင် စတင်ကျင်းပရာ ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Scott HEND (AUS)၊ Ben FOX (USA)၊ Wade ORMSBY (AUS)တို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ လျှော့ရိုက်ကြပြီး ဦးဆောင်ကစားလျက်ရှိသည်။

ဇော်မိုးက သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ပြီး ၆၉ချက်၊ မင်းနိုင်က ၇၀ ချက်၊ ရန်မျိုးအေးက ၇၁ ချက်၊ စိုးကျော်နိုင်က ၇၁ ချက်၊ သိန်းဇော်မြင့်က ၇၁ ချက်၊ ဘိုဘိုက ၇၂ ချက်၊ စိုးမိုးဝင်းက ၇၂ ချက်၊ အောင်ဝင်းက ၇၃ ချက်၊ နိုင်နိုင်လင်းက ၇၃ ချက်၊ ဇော်ဇော်လတ်က ၇၃ ချက်၊ လှမျိုးက ၇၃ ချက်၊ နေဗလဝင်းမြင့်က ၇၄ ချက်၊ ယဉ်အောင်လတ် က ၇၅ ချက်၊ မြင့်ရွှေက ၇၆ ချက်၊ အောင်ဆန်းဝင်းက ၇၇ချက်၊ ဇော်ဇင်ဝင်းက ၇၈ ချက်၊ ရန်နိုင်ဖြိုးက ၇၉ ချက် အသီးသီး ရရှိထားကြသည်။

ရဲထက်အောင် (Amateur) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ဦးဆောင်ကစားလျက်ရှိသည်။ နိုင်ရဲလင်းက ၇၂ ချက် ရရှိထားသည်။

အဆိုပါ ပြိုင်ပွဲ၏ Title Sponsor အဖြစ် ZAYKABAR Co., Ltd. က အဓိကကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် Air Bagan က ထပ်မံပံ့ပိုးကူညီကာ Co Sponsor များအဖြစ် A1 Construction Co., Ltd. ,Alpine Purified Drinking Water, Asia Metal Group of Companies, Srixon, Tiger Beer, Canon and 100 plus တို့ဖြစ်ကြပြီး Hole In One Sponsor များအဖြစ် ZAYKA- BAR Co., Ltd.၊ CEO (Cost Effectiveness Oriented Group Co., Ltd.) နှင့် Aung Hein Min Co., Ltd.(Sumitomo) တို့က ထပ်မံ ပံ့ပိုးကူညီကြသည်။

ဆက်လက်ကျင်းပ

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ယင်းဂေါက်ကလပ်၌ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာယူ(၂၁)နှင့် အူဆန်လ်အသင်းတို့ အကြိတ်အနယ်ရှိနိုင်မည့် ဒုတိယခြေစမ်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် ဖွဲ့စည်းထားသည့် မြန်မာယူ(၂၁) လက်ရွေးစင်အသင်းအနေဖြင့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ သွားရောက်မယှဉ်ပြိုင်မီ ခြေစမ်း ပြိုင်ပွဲအဖြစ် ကိုရီးယားနိုင်ငံ အူဆန်လ် တက္ကသိုလ်လက်ရွေးစင်အသင်းနှင့် ဖေဖော်ဝါရီ ၁ ရက်က ပထမပွဲစဉ်အဖြစ် အောင်ဆန်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာယူ(၂၁) အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာယူ(၂၁) အသင်း၏ခြေစွမ်းမှာ နာမည်ကြီး ကိုရီးယားနည်းပြ မစ္စတာပတ်ဆောင်ဟွာ၏ လက်ထက်တွင် စုပေါင်း လေ့ကျင့်ချိန် လေးကြိမ်ခန့်သာ ရှိသေးသော်လည်း အူဆန်လ် တက္ကသိုလ်အသင်းနှင့် သူတင် ကိုယ်တင် ယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီး အဆုံးသတ်ပိုင်းတွင် နားလည်မှုနှင့် အချိတ်အဆက်အနည်းငယ်လွဲချော်နေ၍ ဂိုးများများမရသော်လည်း ကောင်းစည်သူ သွင်းယူပေးသည့်ဂိုးမှာ ထိုက်တန်သဖြင့် မြန်မာပရိသတ်များသဘောကျ နှစ်ခြိုက်ခဲ့ကြောင်း တွေ့ရသည်။

ဖေဖော်ဝါရီ ၃ ရက် **(ယနေ့)**တွင် အောင်ဆန်းအားကစားကွင်း၌ ကစားမည့် ဒုတိယခြေစမ်းပွဲတွင် ဧည့်သည်ကိုရီးယားအူဆန်လ်တက္ကသိုလ်အသင်းကလည်း ပထမပွဲရှုံးထား၍ ယခုပွဲတွင် ခြေကုန်ထုတ်ကစားမည်ဖြစ်ရာ ပရိသတ်အကြိုက်တွေ့မည့်ပွဲဖြစ်ကြောင်း သတင်းကောင်းပါးရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပထမရရှိသည့် ဂေါက်သီးရိုက်အားကစားသမားအား ချီးမြှင့်မည့် ဆုတံဆိပ်နှင့်အတူ နိုင်ငံတကာထိပ်သီး ဂေါက်သီးသမားများနှင့် မြန်မာထိပ်သီး ဂေါက်သီးသမားတို့အား တွေ့ရစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ဂုဏ်ပြုဆုချီးမြှင့်

ဇန်နဝါရီ ၂၂ရက်က ကျင်းပသော အမက(၃၈) သာကေတကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကြည်မောင်ဝင်းက တတိယတန်းတွင် ပထမဆုရရှိသူ မနွေးနွေးစံအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

3-2 (07).pmd 1 2/3/2012, 4:09 AM

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ
နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍
သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၇၉) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန (၁၀)ခုမှ ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၁-၂၀၁၆) အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပဉ္စမကာလတိုင်းနှစ် အမျိုးသားစီမံကိန်း ကျန်းမာရေးကဏ္ဍ၏လုပ်ငန်းစဉ်များနှင့် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းထားရှိမှု၊ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ဆေးရုံ၊ ဆေးပေးခန်းနှင့်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်မှု၊ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုနှင့် ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စီမံချက်ဘဏ္ဍာငွေစာရင်းတို့ကို တင်ပြသည်။

ရှင်းလင်းတင်ပြ

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေ ငွေစာရင်း၊ ရငွေနှင့်အသုံးစရိတ်၊ ထပ်မံခွင့်ပြုသည့် သာမန်သုံးငွေနှင့် ငွေလုံးငွေရင်း သုံးငွေ၊ ၂၀၁၂-၂၀၁၃ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း၊ သာမန်ရငွေ၊ သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ဆောက်လုပ်ရေးအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပဉ္စမကာလတိုင်းနှစ်(၂၀၁၁-၂၀၁၆)အမျိုးသားစီမံကိန်း၏မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ခုနှစ် ရငွေသုံးငွေစာရင်းချုပ်၊ ဖြည့်စွက်ရန်ပုံငွေသာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ဖြည့်စွက်ငွေလုံးငွေရင်း အသုံးစရိတ်၊ ရငွေကိုတိုးမြှင့်ရှာဖွေပြီး အသုံးစရိတ်ကိုလျှော့ချနိုင်ခဲ့သည့်အတွက် ပိုငွေရရှိလာမှု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် သာမန်ရငွေနှင့် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းရငွေနှင့် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဆောက်လုပ်ရေးအသုံးစရိတ်၊ စက်ပစ္စည်းအသုံးစရိတ်နှင့် အခြားအသုံးစရိတ်၊ ယဉ်ကျေးမှုဆိုင်ရာ လေ့ကျင့်ရေးဇာတ်ရုံနှင့် သိုလှောင်ရုံ တည်ဆောက်ရန်နှင့် ရှေးဟောင်းအဆောက်အအုံနှင့် ယဉ်ကျေးမှုပြတိုက်များ မွမ်းမံထိန်းသိမ်းရန်လျာထားမှု၊ ၂၀၁၃ခုနှစ်တွင် ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ယခုနှစ်အတွင်း ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်လျာထားမှုနှင့် နေပြည်တော် အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့ကို မကြာမီဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကာလတို (၅)နှစ်စီမံကိန်း၏ မူဝါဒနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ ၂၀၁၁-၂၀၁၂ ခုနှစ် သာမန်အရအသုံး ခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ငွေလုံးငွေရင်း အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် နောက်ထပ်ဘဏ္ဍာငွေတောင်းခံရခြင်း၊ ၂၀၁၂-၂၀၁၃ခုနှစ် သာမန်အရအသုံး ခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ခုနှစ် ငွေလုံးငွေရင်းအရအသုံးခန့်မှန်းခြေစာရင်း၊ ဆောက်လုပ်ရေးအသုံးစရိတ်နှင့် စက်ပစ္စည်းအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

စိစစ်လျှော့ချသုံးစွဲ

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ပဉ္စမကာလတိုင်းနှစ်(၂၀၁၁-၂၀၁၆)အမျိုးသားစီမံကိန်း၏ မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရငွေ/သုံးငွေ စာရင်းချုပ်၊ ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ရှင်းလင်းတင်ပြပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ပထမဦးစားပေး စိစစ်ချက် ရငွေနှင့် အသုံးစရိတ်များအနက်မှ ရငွေကို ယခင်နှစ်ကကဲ့သို့ တိုးမြှင့်ရှာဖွေကာ သုံးစွဲငွေကို တတ်နိုင်သမျှ စိစစ်လျှော့ချသုံးစွဲသွားမည်ဖြစ်ကြောင်းဖြင့် တင်ပြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပဉ္စမကာလတို(၅)နှစ်စီမံကိန်း၏ မူဝါဒများ၊ ရည်မှန်းချက်များအပေါ် ဆောင်ရွက်မည့်အစီအစဉ်များ၊ ၂၀၁၁-၂၀၁၂ ခုနှစ် သာမန်အရအသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအရအသုံး ခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် နောက်ထပ်ဘဏ္ဍာငွေတောင်းခံရခြင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဆောက်လုပ်ရေးအသုံးစရိတ်နှင့် စက်ပစ္စည်းအသုံးစရိတ်၊ ၂၀၁၂-၂၀၁၃ခုနှစ် သာမန်အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းခြေစာရင်း၊ ဆောက်လုပ်ရေးအသုံးစရိတ်နှင့် စက်ပစ္စည်းအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပဉ္စမကာလတို (၅)နှစ်၏ အားကစားဆိုင်ရာမူဝါဒများနှင့် ရည်မှန်းချက်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်မှ ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံထားမှု၊ ၂၀၁၁-၂၀၁၂ခုနှစ် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အိမ်ရှင်နိုင်ငံအနေဖြင့် ထိုက်ထိုက်တန်တန် နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပဉ္စမကာလတိုင်းနှစ် အမျိုးသားစီမံကိန်း၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ခုနှစ် မူလခွင့်ပြုငွေအသုံးစရိတ်၊ ဖြည့်စွက်ခွင့်ပြုရန် တောင်းခံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေ၊ ငွေလုံးငွေရင်း အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေ၊ ၂၀၁၂-၂၀၁၃ ခုနှစ် မူလခန့်မှန်းခြေ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် နိုင်ငံပိုင် နိုင်ငံခြားရငွေ/သုံးငွေ စာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ဦးစီးဌာနများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံပြီးနောက် ဖြစ်ပေါ်လာသည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်း လျာထားမှု၊ ဦးစီးဌာနများ၏ သာမန်ရငွေနှင့် အသုံးစရိတ်လျာထားချက်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ဆောက်လုပ်ရေးအသုံးစရိတ်နှင့် စက်ပစ္စည်း အသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းထားမှု၊ အထူးဖွံ့ဖြိုးရေးဒေသများသတ်မှတ်ထားမှု၊ ဝန်ကြီးဌာန၏ အမျိုးသားစီမံကိန်းဆိုင်ရာမူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးကဏ္ဍအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံသုံးစွဲမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ပေးမည့်အခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာ၊ အသက်မွေးမှုပညာ စသည့်ကဏ္ဍများ အလိုက်ဆောင်ရွက်ထားရှိမှု၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၊ အသေးစားချေးငွေ လုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရခြင်းနှင့် ၂၀၁၂-၂၀၁၃ခုနှစ် အတွက် ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းမှ သာမန်ရငွေ၊ သာမန်အသုံးစရိတ်၊ လစာနှင့် အုပ်ချုပ်မှုအသုံးစရိတ်၊ ထောက်ပံ့အသုံးစရိတ်၊ အတိုးအသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယဉ်ကျေးလိမ္မာ ကလေးတရားပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂

လိမ္မာယဉ်ကျေးသော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေးကိုရှေးရှုလျက် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် ဓမ္မမိတ်ဆွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ယဉ်ကျေးလိမ္မာကလေးတရားပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဆုံ နဝဒေးရပ်ရှင်ရုံရှေ့ရှိ **ဓမ္မသုသီရိဗိမာန်တော်**၌ ဖေဖော်ဝါရီ ၄ရက် (စနေနေ့) နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ **အရှင်ပညာသီရိ (မေတ္တာရှင်-ကြယ်တစ်ပွင့်)မဓမ္မကထိက မွန်ကျောင်း**က တရားတော်များ ဟောကြားမည်ဖြစ်သည်။ အလှူရှင်များအနေဖြင့် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၁၄၃၉၉၈၊ ၀၉-၅၀၁၅၄၄၆နှင့် ဓမ္မမိတ်ဆွေအဖွဲ့ ဖုန်း-၀၉- ၄၉၂၉၄၆၇၆၊ ၀၉-၅၀၁၁၆၅၀ တို့သို့ အာဟာရ၊ စာရေးကိရိယာ စသည်ဖြင့် လိုအပ်သည်များကို ဆက်သွယ် စုံစမ်းလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသနှင့် ပခန်းကြီး ရှေးဟောင်းယဉ်ကျေးမှုဒေသ ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်တွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဆောက်အအုံများ၊ စေတီပုထိုးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပုဂံဒေသမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကများနှင့်တွေ့ဆုံ၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဆောက်အအုံများ၊ စေတီပုထိုးများ၏ ကြံ့ခိုင်မှုအတွက် အထွေထွေ ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၃၁ ရက်တွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ကျင်းပသည့် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ၊ စေတီပုထိုးများနှင့် နံရံဆေးရေးပန်းချီ၊ အင်္ဂတေပန်းတော့များ အစရှိသည့် အနုလက်ရာများ တိုးတက်မပျက်စီးစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အနုလက်ရာများ ခေတ်မီထိန်းသိမ်းနည်း မွမ်းမံသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများနှင့်အတူ နံရံဆေးရေးပန်းချီလွှာများထိန်းသိမ်းရေး လုပ်ငန်းခွင်သို့သွားရောက်၍ လက်တွေ့ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် တူးဖော်ထိန်းသိမ်းထားသည့် သိရီဇေယျဘူမိ ပုဂံနန်းတော်ရာသို့ သွားရောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဆက်လက်တူးဖော်သုတေသနပြုရေးနှင့် ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားမှုရှိစေရေးတို့အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုလေ့လာ

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးရှေးဟောင်း ယဉ်ကျေးမှုဒေသရှိ သုတေသနပြတိုက်ခင်းကျင်းပြသမှု၊ ရှေးဟောင်းကျောင်းတော်ကြီး၏ ကြံ့ခိုင်မှုနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မည့် အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် စိုက်ပျိုးစွမ်းအားမြင့်မားရေးဆောင်ရွက်ချက်

(ပထမဆုံးဖွင့်လှစ်ခဲ့သော ကညင်ရေလှောင်တမံ)

* ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံး တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ရေလှောင်တမံဖြစ်သည်။
* ၂၀၀၇-၂၀၀၈ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ရေးကာလ(၅)နှစ်အတွင်း ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ နိုင်ငံတော်၏ ဆည်မြောင်းတာတမံ စီမံကိန်းများအနက် ဧရာဝတီတိုင်းဒေသကြီးအတွင်း (၁၀)ခုမြောက်ဖွင့်လှစ်နိုင်ခဲ့သော စီမံကိန်းဖြစ်သည်။
* ကညင်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၉၄ ပေ၊ ပင်မတမံ ပေ ၃၇၅၀၊ ကုန်းကြောတမံပေ ၂၈၅၀၊ ကန်ရေပြည့်ရေလှောင်တမံပမာဏ ဧကပေ ၁၄၈၈၀၀၊ ၄ပေ × ၆ပေ ရေထုတ်ပြွန်သုံးခုနှင့် သံကူကွန်ကရစ်ဖြင့် (OGEE TYPE) တည်ဆောက်ကာ လယ်မြေဧက ၂၅၀၀၀ကို ရေပေးဝေနိုင်မည်ဖြစ်သည်။
* ကညင်တမံမှ ယခုနှစ် နွေစပါးဧက ၈၀၀၀ ပေးဝေမည်ဖြစ်ပြီး တောင်သူတစ်ဦးချင်းနှင့် ဧက ၃၅၀၀ကို ပေးဝေရန် စီစဉ်ထားသည်။ ရေပေးစနစ်အနေဖြင့် ပင်မမြောင်းလက်တံ ၅၈ မိုင် လက်ဝဲ/လက်ယာ လက်တံ ရေပေးမြောင်း ၁၂၃ မိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ရေအားလျှပ်စစ် ၂ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံးတပ်ဆင်၍ ဒေသအတွက် ကျေးလက်ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ထားသည်။
* နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ အခြေခံလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် ကညင်ရေလှောင်တမံကို တည်ဆောက်ပေးခဲ့သဖြင့် ဒေသ၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး ဒေသခံ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ကာ နိုင်ငံ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။
* နိုင်ငံတော်က ငွေကြေးအမြောက်အမြား ရင်းနှီးပြီး ပေါ်ပေါက်လာသည့် ကညင်ရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီးရှိ တောင်သူလယ်သမားများ၏ ဘဝနှင့်ဝင်ငွေ တိုးတက်စေသည်။ ထို့အပြင် သားစဉ်မြေးဆက် အကျိုးခံစားနိုင်အောင် ဆည်ရေကိုတန်ဖိုးရှိရှိအသုံးချရန်၊ တာတမံစည်းမျဉ်း စည်းကမ်း ဥပဒေကို တိတိကျကျလိုက်နာရန် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းမှတ်စု – မောင်ငြိမ်းအေး

မြန်မာ့အလင်း | နိုင်ငံတကာသတင်း | နိုင်ငံတကာသတင်း | နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်–စုစည်းသည်

ဥရောပ၌ အအေးလှိုင်းများကျရောက် လူပေါင်း ၈၃ ဦးအထိ သေဆုံး

ဘူခါရက် ဖေဖော်ဝါရီ ၂

ဥရောပ အရှေ့ပိုင်းနိုင်ငံများတွင် အအေးလှိုင်းများ ကျရောက်လျက်ရှိရာ ဒေသအများအပြား၌ အပူချိန် အနုတ် ၃၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းနေရာ သေဆုံးသူဦးရေမှာ ၈၃ ဦးခန့်ရှိနေပြီ ဖြစ်ကြောင်း ယူကရိန်းအရာရှိများက ဖေဖော်ဝါရီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံတစ်နိုင်ငံတည်း၌ပင် အအေးဓာတ်ပြင်းထန်မှုကြောင့် ပြီးခဲ့သည့်ရှစ်ရက်အတွင်း သေဆုံးသူဦးရေမှာ ၄၃ ဦးအထိရှိလာပြီဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။ သေဆုံးသူများမှာ ဆေးရုံနှင့် နေအိမ်များတွင်ဖြစ်ပြီး အချို့မှာ လမ်းများပေါ်တွင် သေဆုံးနေကြခြင်းဖြစ်သည်။

အအေးဒဏ်ဆိုးရွားစွာခံစားရပြီး အဆုတ်ရောဂါနှင့်အခြားဆက်စပ်ဝေဒနာများခံစားနေရသည့် ယူကရိန်းနိုင်ငံသား ၇၂၀ ခန့်ကို ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူစေလျက်ရှိသည်။ ထို့အတူ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ပိုလန်၊ တူရကီနှင့် ဟန်ဂေရီနိုင်ငံများ အပါအဝင် ရုရှား၊ ဘော့စနီးယား၊ချက်သမ္မတနိုင်ငံနှင့် ဆလိုဗက်ကီးယားနိုင်ငံတို့တွင် အအေးလှိုင်းများ ကျရောက်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ပွဲကြည့်ပရိသတ်အတွင်း မခံနိုင်အောင်စနောက်ရာမှ ရန်ပွဲဖြစ်ပွား၊ ၁၀၄ ဦးသေဆုံးခဲ့

ကိုင်ရို ဖေဖော်ဝါရီ ၂

အီဂျစ်နိုင်ငံ ပို့ဆက်မြို့တွင် ကျင်းပသည့် နိုင်ငံ့ထိပ်သီးဘောလုံးအသင်းနှစ်သင်း ဖေဖော်ဝါရီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ ဘောလုံးပြိုင်ပွဲတွင် နှစ်ဖက်ပရိသတ်များ ခိုက်ရန်ဖြစ်ပွားကြသဖြင့် သေဆုံးသူ ၁၀၄ ဦးအထိရှိပြီး ဒဏ်ရာရသူတစ်ထောင်ကျော်ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဖြစ်ပွား

အီဂျစ်ထိပ်သီးကလပ် အဲလ်အာလီအသင်းနှင့် ပို့ဆက်မြို့ခံ အဲလ်မာစရီအသင်းတို့ ယှဉ်ပြိုင်ကစားကြသည့်ဘောလုံးပွဲတွင် အဲလ်မာစရီအသင်းက အဲလ်အာလီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီးနောက် နှစ်ဖက်ပရိသတ်များ ကွင်းထဲဝင်ရောက်ကာ ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ ခိုက်ရန်ဖြစ်ပွားရသည့် အကြောင်းရင်းတစ်ရပ်မှာ ရှုံးသည့် အာလီပရိသတ်များက နိုင်သော မာစရီအသင်းကို မခံနိုင်အောင်စနောက်သည့်ဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး ကွင်းထဲဝင်ရောက်လာရာမှစတင်ကာ ခိုက်ရန်ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ **(ယာပုံ)**

ရွှေ့ဆိုင်းလိုက်

တစ်ခုသော ဆိုင်းဘုတ်တွင် "အဲလ်မာစရီ ခေါ် ပို့ဆက်အသင်းသည် အမှိုက်နှင့်တူကြောင်း၊ ၎င်းအသင်းသည် လူမဟုတ်ကြောင်း" စသည်ဖြင့် မခံနိုင်အောင်စနောက်သည့်စာသားများ ရေးသားထားသည်။ ထိုသို့ စနောက်ခြင်းကို မခံနိုင်သဖြင့် အဲလ်မာစရီပရိသတ်များက ကွင်းထဲဆင်းကာ အဲလ်အာလီပရိသတ်များနှင့် ဘောလုံးသမားများကိုပါ လိုက်လံတိုက်ခိုက်ခဲ့ကြောင်း၊ ပွဲကြည့်စင်ပေါ်မှလည်း ကျောက်ခဲ၊ မီးပန်း၊ ပုလင်းစသည်တို့ဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။ ဘောလုံးသမားများထဲမှ ဒဏ်ရာရသူတချို့ရှိခဲ့သော်လည်း သေဆုံးသူမရှိကြောင်း သတင်းတွင်ဖော်ပြသည်။ "ဒီဘောလုံးပွဲအခြေအနေဟာ ကြောက်မက်ဖွယ် ကောင်းပါတယ်။ ဒီနေ့ကိုတော့ ဘယ်တော့မှ မေ့တော့မှာ မဟုတ်ပါဘူး"ဟု အဲလ်အာလီအသင်းမှ ကစားသမားတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါဖြစ်ရပ်ဖြစ်ပွားအပြီး နိုင်ငံအတွင်း ကျင်းပသည့် နောက်ဘောလုံးပွဲစဉ်များကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း အီဂျစ်ဘောလုံးအဖွဲ့ချုပ်က ကြေညာခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရွှက်လှေအားကစားစခန်း တည်ဆောက်မည့်မြေနေရာ

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ဇန်နဝါရီ ၂၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အားကစားကဏ္ဍဆိုင်ရာ ငွေဆောင်ကမ်းခြေတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲများ ကျင်းပမည့် နေရာနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၃၀ ရက်က ငွေဆောင်ကမ်းခြေ၌ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာပြည်သူများနှင့်အတူ ရွက်လှေများထားရှိရန်နှင့် ဆိုက်ကပ်ရန်နေရာ၊ နားနေရန်နေရာနှင့် ရုံးခန်းနေရာတို့ကိုကြည့်ရှုပြီး မြေနေရာ သတ်မှတ်ခြံခတ်ရေး၊ ရွှေ့ပြောင်းရန်ရှိသည်များ ရွှေ့ပြောင်းနိုင်ရေးနှင့် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ်၌ ကြက်ခြေနီအသင်းခွဲရုံးသစ်ဖွင့်

လပွတ္တာ ဖေဖော်ဝါရီ ၂

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏ အထောက်အပံ့ဖြင့် ဆောက်လုပ်လှူဒါန်းသော လပွတ္တာခရိုင် လပွတ္တာမြို့နယ် (၃)မိုင်မြို့သစ် မြန်မာနိုင်ငံကြက်ခြေနီအသင်း လပွတ္တာမြို့နယ်ကြက်ခြေနီအသင်းခွဲရုံးသစ်အဆောက်အအုံဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သာလှရွှေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း ဌာနေကိုယ်စားလှယ် Mr.Brand Schell (IFRC) တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းဌာနေကိုယ်စားလှယ်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက နာဂစ်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သော ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ အဆိုပါအဆောက်အအုံမှာ နှစ်ထပ်အာစီကွန်ကရစ် အလျား ပေ၃၀၊ အနံ ပေ၃၀ ဖြစ်ပြီး ကုန်ကျစရိတ်တန်ဖိုးမှာ ငွေကျပ်သိန်း ၄၀၀ ဖြစ်ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့

ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံတွင် ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေးစဉ် မျက်စိလာရောက်ပြသသည့် သက်ကြီးဘိုးဘွား ၅၀အား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်နှင့် အသင်းဝင်များကစားစရာများ ထောက်ပံ့ပေးအပ်ပြီး မျက်စိခွဲစိတ်ကုသရန်လိုအပ်သော ဘိုးဘွား ၁၂ ဦးအား ရန်ကုန် မျက်စိဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဆင်းရဲချို့တဲ့သော ကိုယ်ဝန်ဆောင်မိခင် ၂၀အား အနီးပိတ်များ **(အပေါ်ပုံ)**၊ အိုင်အိုဒင်းဆားထုပ်များ၊ ကွေကာအုပ်ထုပ်များ ထောက်ပံ့ခြင်း၊ ကလေးမိခင် ၂၀ အား ကြက်ဥများ၊ ကွေကာအုပ်များ၊ ဘီစကွတ်မုန့်များ၊ အိုင်အိုဒင်းဆားထုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် သုံးခွမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းသို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူ ၆၂ ဦးတို့အား ပေါင်မုန့်များ၊ အရုပ်များ၊ အင်္ကျီများ၊ သွားတိုက်ဆေး၊ သွားပွတ်တံများ၊ ဆပ်ပြာများ ထောက်ပံ့ပေးအပ်၍ စနစ်တကျ လက်ဆေးနည်း သရုပ်ပြပေးကြသည်။

ဆက်လက်၍သုံးခွမြို့မဈေးအတွင်းတွင် အိုင်အိုဒင်းဆား ရောင်းချမှုကို စစ်ဆေးပြီးနောက် သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအတွင်းရှိ တိုင်းရင်းဆေး စိုက်ခင်းကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၂၈)**

ကျေးလက်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ကျေးရွာများလျှပ်စစ်မီးလင်းရေး ကွင်းဆင်းဆွေးနွေး

ပင်လောင်း ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအုပ်စု၊ လိန်းညားကျေးရွာအုပ်စုနှင့် နန်းတုတ်ကျေးရွာအုပ်စုများတွင် လျှပ်စစ်မီးလင်းရေး ကွင်းဆင်းတွေ့ဆုံပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် ဆောင်းပြောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်းအကြောင်းနှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းလှိုင်က ကျေးရွာမီးလင်းရေးကိစ္စတွင် ကျေးရွာများမှ ဆောင်ရွက်ရမည့်အပိုင်းနှင့် ဌာနမှ ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းကိစ္စရပ်များဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာမီးလင်းရေး ကော်မတီများမှ တာဝန်ရှိသူများက သိလိုသည်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ကျေးရွာအုပ်စု သုံးအုပ်စု အတွင်းရှိ ကျေးရွာ ၁၇ ရွာမှ မီးလင်းရေး ကော်မတီဝင်များက ပင်မကော်မတီ ဖွဲ့စည်းရေးအတွက် ဆွေးနွေးရွေးချယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း **မှုခင်းသတင်း** ၂-၂-၂၀၁၂

အမျိုးသမီးစီးသည့်ဆိုင်ကယ် အရှိန်လွန်၍ ကျောက်ပုံဝင်တိုက်

မိတ္ထီလာခရိုင် သာစည်မြို့တွင် ဇန်နဝါရီ ၂၆ ရက်က ဆိုင်ကယ်တိမ်းမှောက်၍ အမျိုးသမီးနှစ်ဦးဒဏ်ရာရရှိပြီး ဆေးရုံရောက်နေကြောင်း သတင်းအရ သာစည်ရဲစခန်းမှတာဝန်မှူး ဒုရဲအုပ်ဇော်လင်း သွားရောက်စစ်ဆေးခဲ့သည်။ သွားရောက်စစ်ဆေးစဉ် သာစည်မြို့ အမှတ်(၃)ရပ်ကွက် မီးရထားဝင်းနေ ဒေါ်သန်းသန်းအေး (၄၂)နှစ် မောင်း၍ နောက်မှတစ်ရပ်ကွက်တည်းနေ မအိအိဝင်း(၂၂)နှစ်ကိုတင်ပြီး သာစည်သပြေဝလမ်းအတိုင်း စီးလာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ကျောက်ပုံကို ဝင်ရောက်တိုက်မိရာမှ ဆိုင်ကယ်မှောက်ပြီး နှစ်ဦးစလုံး ဒဏ်ရာရရှိသွား၍ သာစည်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ထားလိုက်ရသည်။ ဆိုင်ကယ်မှောက်မှုနှင့်စပ်လျဉ်း၍ သာစည်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(ဝ၁၂)**

အမျိုးသမီးစီးသည့်ဆိုင်ကယ် အဘိုးအိုကိုဝင်တိုက်

မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ဇန်နဝါရီ ၃၁ ရက် ညနေ ၄ နာရီခွဲက ဇီးတောကျေးရွာနေ မကြည်ကြည်အေး (၁၉)နှစ်သည် ၁၉ယ/----- ကင်ဘို ၁၁၀ အနက်ရောင်ဆိုင်ကယ်ကို အရှေ့မှအနောက်သို့ စီးလာစဉ် ကွမ်းခြံရိုးရွာအနီး မိုင်တိုင်အမှတ် ၁၀/၄ အရောက်တွင် ကွမ်းခြံရိုးရွာနေ လမ်းဖြတ်ကူးနေသူ တောင်သူ ဦးနန်းတင်(၆၁)နှစ်အား လမ်းလယ်၌ ဝင်ရောက်တိုက်မိခဲ့သည်။

ဆိုင်ကယ်တိုက်မိ၍ ဦးနန်းတင်မှာ ဝဲမျက်ခုံး၊ ရင်ဘတ်၊ ဝဲယာမျက်လုံးဖူးရောင်၊ နှာခေါင်းသွေးထွက်၊ ဝဲပခုံးပွန်းပဲ့ဒဏ်ရာ ပြင်းထန်စွာရရှိသွား၍ သာစည်ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ပို့ထားရသည်။ ဦးနန်းတင်၏ ဒဏ်ရာများမှာ ပြင်းထန်ခဲ့ပြီး ဆိုင်ကယ်စီးသူ မကြည်ကြည်အေးမှာလည်း ဒဏ်ရာရရှိသွားခဲ့သည်။ ဆိုင်ကယ်တိုက်မှုကို သာစည်ရဲစခန်းမှ အရေးယူထားကြောင်း သိရှိရသည်။ **(ဝ၁၂)**

တိုက်ကြီး၌ သင်ထောက်ကူပစ္စည်းပေးအပ်

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဟောပြော

တိုက်ကြီး ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဘန့်ဘွေးကွင်း အထကနှင့် ဖလုံအထကတို့တွင် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာဟောပြောပွဲနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားများ ကျင်းပသည်။

အခမ်းအနားများတွင် ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်အေးအေးက သင်္ချာဘာသာရပ်ဆိုင်ရာကို ဘန့်ဘွေးကွင်းအထကနှင့်ဖလုံအထကတွင်သင်ကြားပို့ချပြီး ကျောင်းသား ကျောင်းသူ ၁၅၀ အား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေနှင့်အဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများ အာဟာရဖြစ်စေမည့် အစားအစာများပေးအပ်ခဲ့ကြောင်း သိရှိရ သည်။ **(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး

အမှတ်(၁)သစ်စက်၌ သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အမှတ်(၁) သစ်စက်(ကြည့်မြင်တိုင်)၏ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီ ၂၄ ရက်က အဆိုပါ သစ်စက်ဝင်း၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် စက်ရုံမှူးလက်ထောက်အထွေထွေမန်နေဂျာ ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ကြည့်မြင်တိုင်မြို့နယ်မီးသတ်စခန်းမှူး ဦးသန်းထက်အောင်က မီးငြိမ်းသတ်ရေးနှင့် စပ်လျဉ်း၍ ဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများအား မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရှိသည်။

(အောက်ပုံ)(ဝ၄၂)

မြန်မာ့အလင်း **စာတည်းထံပေးစာများ**

ကားဝပ်ရှော့လုပ်ငန်း ဆူညံလွန်း

စာတည်းခင်ဗျား-

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် ပဲပုတ်တန်းရပ်အကွက် (၂၉၄) ၈၉လမ်း ၃၆×၃၇ လမ်းကြားရှိ ကားဝပ်ရှော့လုပ်ငန်းမှ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် လမ်းပေါ်တွင် ကားများရပ်ပြီး ပြုပြင်နေသောကြောင့် ယာဉ်အန္တရာယ်နှင့် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

ကျူးကျော်ဆိုင်ခန်းများကြောင့် မီးဘေးစိုးရိမ်

စာတည်းခင်ဗျား-

သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဘုရား အရှေ့ဘက်မုခ်နှင့် မြောက်ဘက်မုခ်ပြင်ပ လူသွားလမ်းပေါ်တွင် ကျူးကျော်နေသော အိမ်များ၊ ဆိုင်များမှာ မီးကို အချိန်အခါမရွေးအသုံးပြုနေခြင်း၊ တရားမဝင် ဓာတ်ဆီဆိုင်များမှာလည်း အနီးအနားတွင်ရှိနေခြင်းတို့ကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ကျူးကျော်ဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရွှေဘုံသာအထက်လမ်းတွင် ညနေ ၃ နာရီမှစတင်၍ စည်းကမ်းမဲ့ကျူးကျော်ဈေးသည်များမှာ ပလက်ဖောင်းဘေး ကားလမ်းမပေါ်တွင် ပိတ်ဆို့ဈေးရောင်းလျက်ရှိသောကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရပါသဖြင့် အဆိုပါ ကျူးကျော်ဈေးသည်များအား သက်ဆိုင်ရာမှ လိုအပ်သလို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်စိုးရိမ်သူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံအခြေစိုက် Kuok နှင့် Wilmer ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံ၌ ကြံ၊ ရော်ဘာ၊ ဆီအုန်းစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံအခြေစိုက် Kuok နှင့် Wilmer ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများအား ဇန်နဝါရီ ၂၉ ရက် ညနေ ၄ နာရီတွင် ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ကြံ၊ ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံရန်နှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

The Straits Times သတင်းစာမှ အကြီးတန်းသတင်းထောက်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် The Straits Times သတင်းစာမှ အကြီးတန်းသတင်းထောက် Ms. Rupali Karekar အား ဇန်နဝါရီ ၃၀ ရက် ညနေ ၅ နာရီခွဲတွင် ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် The Straits Times သတင်းထောက်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်များ၊ သတင်းမီဒီယာများ၏ အခန်းကဏ္ဍ စသည်တို့ကို မေးမြန်းရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Straits Times သတင်းစာမှ အကြီးတန်းသတင်းထောက် Ms. Rupali Karekar အား လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ စာ-၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ် လက်ထက် စိုက်ပျိုးစွမ်းအားမြင့်မားရေး ဆောင်ရွက်ချက် (ပထမဆုံးဖွင့်လှစ်ခဲ့သော ကညင်ရေလျှောင်တမံ) စာ-၉